**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

သတ္တမနေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ၃၁ - ၁ - ၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးထိန်လင်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ယောက္ခမဖြစ်သူ၏ နာရေးကိစ္စသို့ သွားရောက်ရန်။ ဦးစိုးသီဟ(ခ) ဦးမောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာ၊ မင်းသားတောင်ကျေးရွာနှင့် သရက်အုပ်ရွာသစ်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာ၊ မင်းသားတောင်ကျေးရွာ၊ သရက်အုပ် ရွာသစ်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာအုပ်စု(၇၉)အုပ်စုနဲ့ ကျေးရွာပေါင်း(၂၈၃)ရွာရှိပြီး လူဦးရေ (၂၁၆၉၇၀)ဦးရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး မြို့ပေါ်တွင် ခုတင် (၅၀)ဆံ့ ဆေးရုံ(၁)ရုံနှင့် တိုက်နယ်ဆေးရုံ(၃)ရုံ၊ ကျန်းမာရေးဌာန(၆)ခု၊ ကျန်းမာရေးဌာနခွဲ(၃၃)ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိနေပါတယ်။ အခု ကျွန်တော်မေးမြန်းတဲ့ ကြိမ်ချောင်း ကျေးရွာမှာ ကျောက်တော်မြို့၏တောင်ဘက်ပိုင်း တောင်မင်းကုလားကျေးရွာအုပ်စုတွင် ပါဝင်ပြီး အိမ်ခြေ(၁၄၀)ဆောင်နှင့် လူဦးရေ(၆၅၀)ဦးခန့် နေထိုင်သော ကျေးရွာဖြစ်ပါတယ်။ တောင်မင်းကုလား ကျေးရွာအုပ်စုတွင် ကြိမ်ချောင်းအပါအဝင် ကျေးရွာ(၆)ရွာနှင့် အနီးဆုံးကျေးရွာ စုစုပေါင်း(၈)ရွာတွင် လူဦးရေ(၂၃၅၀)ဦးခန့် ရှိနေပါတယ်။ အနီးဆုံးကျန်းမာရေးဌာနမှာ ကန်စောက်ကျေးရွာနှင့် (၃)မိုင်ခန့် ကွာဝေးပြီး ရေလမ်းခရီးဖြင့်သာ သွားလာ၍ ရပါတယ်။ အနီးအနားကျေးရွာများမှာလည်း ရေလမ်းနှင့် တောလမ်းများသာ ဖြစ်နေကြပါတယ်။ အနီးဆုံး ကျန်းမာရေးဌာန (ကန်စောက်အုပ်စု) အုပ်ချုပ်မှု အောက်မှာရှိပြီး ကျေးရွာ(၁၃)ရွာအထိ ရှိနေပါတယ်။ အနီးဆုံး ကျန်းမာရေးဌာန(ခွဲ) (သလူချောင်း ကျေးရွာ)တွင်လည်း ကျေးရွာပေါင်း(၁၉)ရွာအထိ ရှိနေပါတယ်။ ကျေးရွာအားလုံးမှာ ရေလမ်းခရီးဖြင့် သွားလာရပြီး သွားလာရေးခက်ခဲသော ကျေးရွာများ ဖြစ်ကြပါတယ်။

မင်းသားတောင်ကျေးရွာမှာလည်း ကျောက်တော်မြို့နယ်ရဲ့ အရှေ့ဘက် သရီချောင်း နယ်မြေတွင်ရှိပြီး အိမ်ခြေ(၆၀၀)ကျော်နှင့် လူဦးရေ (၃၀၀၀)ကျော် နေထိုင်တဲ့ ကျေးရွာဖြစ်ပါတယ်။ အနီးဆုံးကျန်းမာရေးဌာနမှာ သရက်တပင်ကျန်းမာရေးဌာနဖြစ်ပြီး (၃)မိုင်ကျော်လောက် ကွာဝေးပါတယ်။ အနီးဆုံးကျန်းမာရေးဌာနခွဲမှာ စပါးဆိပ်(သရီ)ကျေးရွာဖြစ်ပြီး သွားလာရေးအဆင်မပြေပါ။ သွားလာ၍ ရတဲ့လမ်းမရှိဘဲ သရက်တပင်ကျေးရွာမှတစ်ဆင့် ကွေ့ပတ်ပြီး သွားလာရတဲ့ ကျေးရွာဖြစ်ပါတယ်။ အနီးပတ်ဝန်းကျင် ကျေးရွာများအဖြစ် ဒေါင့်ချောင်းကျေးရွာ၊ ပေါက်တော(မြို့)ကျေးရွာ၊ ပေါက်တော (မြောက်)ကျေးရွာ၊ ပေါက်တော(တောင်)ကျေးရွာများ ရှိနေကြပါတယ်။ လူဦးရေအားဖြင့် (၄၀၀၀)ကျော်ခန့် လွှမ်းခြုံနေပါတယ်။ မင်းသားတောင်ကျေးရွာမှာ အလယ်တန်းကျောင်းတစ်ကျောင်းရှိပြီး အရှေ့ဘက် အစွန်ဆုံးရောက်နေတဲ့ ကျေးရွာကြီး တစ်ရွာဖြစ်ပါတယ်။

သရက်အုပ်ရွာသစ်ကျေးရွာမှာလည်း ကျောက်တော်မြို့၏ အနောက်ဘက်တွင် ကျေးရွာဖြစ်ပြီး (၄)မိုင်ခန့် ကျောက်တော်မြို့နဲ့ ကွာဝေးပါတယ်။ လမ်းမှာ မြေသားလမ်းအဆင့်သာရှိနေပြီး သွားလာရေး ခက်ခဲပါတယ်။ သရက်အုပ်ကျေးရွာတွင် လူဦးရေ(၉၀၀)ကျော်ခန့်ရှိပြီး အနီးဆုံး ကျန်းမာရေးဌာန(ခွဲ)မှာ င/တပေါင်းကျေးရွာဖြစ်ပြီး (၃)မိုင်ခန့် ကွာဝေးပါတယ်။ သွားလာရေးခက်ခဲပါတယ်။ အပေါက်ဝ ကျန်းမာရေးဌာန လက်အောက်တွင်ရှိနေတဲ့ ကျေးရွာဖြစ်ပြီး (၁၀)မိုင်ကျော်လောက် ကွာဝေးပါတယ်။ အနီးအနားကျေးရွာများဖြစ်တဲ့ ကျေးရွာ(၉)ရွာရှိပြီး လူဦးရေ(၃၀၀၀)ကျော်ခန့်ကို လွှမ်းခြုံနိုင်ပါတယ်။

အဆိုပါကျေးရွာ(၃)ရွာမှာ ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ထားတဲ့ လူဦးရေလွှမ်းခြုံမှုအရ ပြည့်မီနိုင်မှု မရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ပင်မကျန်းမာရေးဌာန၊ ဌာနခွဲများနဲ့ ဝေးကွာလွန်းမှု၊ အနီးအနားကျေးရွာများကိုလည်း လက်လှမ်းမီ လွှမ်းခြုံနိုင်မှုများရှိနေကြသောကြောင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးတို့အတွက် ကျေးရွာနေပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

ကျောက်တော်မြို့နယ်တွင် ကြိမ်ချောင်းကျေးရွာ၊ မင်းသားတောင်ကျေးရွာနှင့် သရက်အုပ်ကျေးရွာ ရွာသစ်တို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်အတွင်း အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်နှင့် သောက်သုံးရေကန်တို့၏ကြားတွင်ရှိနေသော အလျား(၄၂၀)ပေ၊ အနံ(၁၃၀)ပေရှိ မြေကွက်လပ်ကို ရပ်ကွက်အားကစားကွင်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်အတွင်း အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်နှင့် သောက်သုံးရေကန်တို့၏ကြားတွင်ရှိနေသော အလျား(၄၂၀)ပေ၊ အနံ(၁၃၀)ပေရှိ မြေကွက်လပ်ကို ရပ်ကွက်အားကစားကွင်းအဖြစ် ပြုလုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်ထောင်စုဝန်ကြီးတို့ကို ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာကြပါစေကြောင်း ဆုတောင်းရင်း နှုတ်ဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ (၉၃) ရပ်ကွက်အတွင်းမှာရှိတဲ့ စိမ်းလဲ့ကန်သာလမ်းနှင့် ဗေဒါလမ်း၊ မြနဒီလမ်းနှင့် ရွှေချည်လမ်းအတွင်းရှိ အလျား(၄၂၀)ပေ၊ အနံ(၁၃၀)ပေခန့်မှန်း မြေကွက်လပ် ရှိနေပါတယ်။ အဆိုပါ မြေကွက်လပ် တစ်ဖက်တစ်ချက်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနဲ့ စာကြည့်တိုက်၊ တခြားတစ်ဖက်တစ်ချက်မှာ အ-ထ-က(၄) စာသင်ကျောင်း၊ နောက်အခြားတစ်ဖက်မှာ သောက်သုံးရေကန် အသီးသီး ဆက်စပ်တည်ရှိလျက်ရှိပါတယ်။ ရပ်ကွက်အတွင်းမှာလည်း အိမ်ခြေပေါင်း(၂၉၉၈)အိမ်ရှိပြီးတော့ လူဦးရေပေါင်းဟာ (၁၂၃၁၉)ဦးခန့် နေထိုင်လျက်ရှိပါတယ်။ ရပ်ကွက်အတွင်းရှိ ပြည်သူများ၊ ကျောင်းသားများ၊ ကလေးသူငယ်များ၊ အားကစားလှုပ်ရှားရန်နှင့် ပွဲများကျင်းပရန်၊ ရပ်ကွက်အတွင်း နေ့ထူးနေ့မြတ်များ အခါအားလျော်စွာ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန်၊ ဘာသာရေး၊ သာသနာရေးကိစ္စများနဲ့ သက်ဆိုင်သောပွဲများ ကျင်းပပြုလုပ်ရန်အတွက် တရားဝင်နိုင်ငံတော်မှ သတ်မှတ်ပေးထားတဲ့ မြေကွက်လပ်ကွင်းယနေ့တိုင်မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ အထက်ပါ ကွင်းတစ်ခုတည်းသာရှိတဲ့အတွက် မြို့နယ်၊ ရပ်ကွက်များမှ တာဝန်ရှိသူများရဲ့ ခွင့်ပြုချက်ဖြင့်သာ ယာယီအသုံးပြုနေရတဲ့ အခြေအနေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒါကြောင့်မို့လို့ (၉၃)ရပ်ကွက်အတွင်း အဓိက လိုအပ်နေတဲ့ အများပိုင်အားကစားကွင်းအဖြစ် အဆိုပါမြေကွက်ကို ဥပဒေနှင့်အညီ တရားဝင် အသုံးပြုခွင့်ပေးပါရန်နဲ့ လိုအပ်သော နိုင်ငံတော်ကနေ ကူညီဆောင်ရွက်မှုများကို ကျွန်တော်တို့ မဲဆန္ဒရှင်၊ ပြည်သူများကိုယ်စား ကျွန်တော့်အနေနဲ့ ရိုသေလေးစားစွာဖြင့် ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်အတွင်းရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်နှင့် သောက်သုံးရေကန်တို့ရဲ့ကြားမှာ ရှိနေတဲ့ အလျား(၄၂၀)ပေ၊ အနံ(၁၃၀)ပေရှိတဲ့ မြေကွက်လပ်ကို ရပ်ကွက်အားကစားကွင်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းပြီးတော့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖါရွှန်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖါရွှန်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနဲ့ လုပ်ဖော်ကိုင်ဖက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖါရွှန်းကျေးရွာ ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ ဖါရွှန်းရွာဟာ အိန္ဒိယ၊ မြန်မာနိုင်ငံနယ်စပ်တွင် တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အိမ်ခြေပေါင်း(၂၁၄)အိမ်၊ လူဦးရေ(၈၆၀)ဦး ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နဲ့ အခြေခံပညာမူလတန်း(လွန်)ကျောင်း (၁)ကျောင်း ရှိပါတယ်။ ဖါရွှန်းကျေးရွာ ကျန်းမာရေးဌာနဟာ ၁၈-၁၂-၁၉၅၆ ရက်နေ့တွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပြီး ချင်းပြည်နယ်တွင် သက်တမ်းအရင့်ဆုံး ကျန်းမာရေးဌာန ဖြစ်ပါတယ်။ ဟားခါးမြို့တော် အထူးကုဆေးရုံမှာ(၄၅)မိုင်၊ ထန်တလန်မြို့ ပြည်သူ့ဆေးရုံမှာ (၂၄)မိုင်အကွာတွင် တည်ရှိပြီး အိန္ဒိယ၊ မြန်မာနယ်စပ်တွင် တည်ရှိလျက် ဗန်ဇန်းတောင်ကြောရှိ ရွာပေါင်း(၉)ရွာ၏ အလယ်ဗဟိုတွင် တည်ရှိပါတယ်။ အိန္ဒိယ၊ မီဇိုရမ်ပြည်နယ်နှင့် (၁၅)မိုင်ခန့်သာ ဝေးကွာသဖြင့် လူစည်ကားပြီး ကုန်သည်များ သွားလာမှုနှင့် ကုန်ရောင်းကုန်ဝယ်၊ ဈေးဝယ်၊ ဈေးရောင်းသူ များပြားသော ကျေးရွာတစ်ရွာ ဖြစ်ပါ

တယ်။ ထန်တလန်မြို့တွင် တပ်မတော်စခန်း၊ ရဲစခန်းနှင့် အိန္ဒိယ-မြန်မာနယ်စပ်တွင် စီအဲန်အေ စခန်းများရှိ၍ လုံခြုံရေးအခြေအနေကောင်းသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။

ဤဒေသမှာရှိကြတဲ့ ဆင်းရဲသားဌာနေတိုင်းရင်းသားများ နေထိုင်ရာဒေသဖြစ်၍ အရေးပေါ် လူနာများပို့ဆောင်ရန် ထန်တလန်မြို့ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဟားခါးမြို့အထူးကုဆေးရုံကြီး တို့ဟာ အလှမ်းဝေးကွာလွန်းသည့်အတွက် အချိန်မီ ကုသဆောင်ရွက်ရန် အခက်အခဲရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖါရွန်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးနိုင်ပါက မြေဧရိယာ(၃.၂၇၂၉)ဧကရှိပြီး ရေ၊ မီး ကောင်းသောနေရာဖြစ်ပါတယ်။ လွှမ်းခြုံ ပေးနိုင်သော ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၈)ခု၊ ကျေးရွာပေါင်း(၉)ရွာ၊ လူဦးရေပေါင်း(၅၉၄၇)ဦး၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း(၁) ကျောင်း၊ အလယ်တန်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၆)ကျောင်းမှ ကျောင်းသူ ကျောင်းသားပေါင်း(၁၅၀၀)တို့ရဲ့ ကျန်းမာရေးဘဝ ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်တဲ့အပြင် လွှမ်းခြုံသော ကျေးရွာပေါင်း(၉)ရွာ၊ လူဦးရေပေါင်း(၅၉၄၇)ဦးတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပါ အနီးကပ် မြှင့်တင်ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို ဖွံ့ဖြိုးမှုနိမ့်ကျသော ဌာနေတိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေမှာ ဖြစ်ပါတယ်။ ထန်တလန်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးမှ တိုက်နယ် ဆေးရုံအဆင့်သို့ တိုးမြှင့်ရန် ဦးစားပေးသောအဆင့်တွင် သတ်မှတ်ထားသော ဆေးရုံလည်းဖြစ်ပါတယ်။

ဒါကြောင့် မြေပြင်ပကတိ လိုအပ်ချက်အရ ထန်တလန်မြို့နယ်၊ ဖါရွန်းကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအား အလေးအနက်စဉ်းစားပေးရန် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာရယ်၊ မင်းသားတောင်ကျေးရွာ ရယ်၊ သရက်အုပ်ရွာသစ်ကျေးရွာတို့မှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ဆောက်နိုင်ရန်အတွက် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမှာ ပြန်လည်သုံးသပ်တဲ့အခါမှာ ကျောက်တော်မြို့နယ်မှာတော့ ကျွန်တော်တို့ ကျေးရွာပေါင်း(၂၉၉)ရွာရှိတာကို တွေ့ရပါတယ်။ အိမ်ခြေပေါင်း၊ အိမ်ထောင်စု အိမ်ခြေစုစုပေါင်း (၄၇၀၀၀)ရှိတယ်။ လူဦးရေပေါင်း(၂၄၀၀၀၀)ကျော်၊ (၂၅၀၀၀၀)လောက်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်း စောင့်ရှောက်မှုအနေနဲ့ကတော့ တိုက်နယ်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၆)ခုနဲ့ မိခင်နှင့်ကလေး ကျန်းမာရေးဌာနခွဲ(၁)ဌာန ရှိပါတယ်။

ပထမအချက်ဖြစ်တဲ့ ဒီ ကြိမ်ချောင်းရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တည်ဆောက်ဖို့နဲ့ ကျွန်တော် ပြန်လည်ကြည့်လိုက်တဲ့အခါမှာတော့ ကြိမ်ချောင်းရွာသည် ကျွန်တော်တို့ ကျောက်တော်မြို့နယ်၊ ကန်စောက် ကျေးလက်ကျန်းမာရေးဌာနရဲ့ အောက်မှာရှိတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအခြေအနေကို ကြိုတင်ပြီးသိအောင်လို့ ကျွန်တော် ရခိုင်ပြည်နယ် ဦးစီးဌာနမှူးကို အောက်တိုဘာအစဦးပိုင်းက သွားရောက်ကြည့်ရှုပြီးတော့ သုံးသပ်ခိုင်းတဲ့အခါကျတော့ ရခိုင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနက ၂၂ - ၁၀ - ၂၀၁၈ ရက်နေ့မှာ စာပြန်လာပါတယ်။ ဒါကို ကြည့်ပြီးတော့ သူက သံချောင်း ကျေးရွာရှိပါတယ်။ တောင်းဆိုတဲ့ ကြိမ်ချောင်းရွာနဲ့ (၄)ဖာလုံပဲဝေးပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုဆောက်ဖို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့ ဒါက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာတော့ ဒါ ပါဖို့ဟာ သေချာသွားပါပြီ။ အဲဒီတော့ ကြိမ်ချောင်းကျေးရွာကတော့ ခုနပြောတဲ့အတိုင်း၊ လွှတ်တော်ကိုယ်စားလှယ် ပြောတဲ့အတိုင်း ကန်စောက်ကျေးရွာနဲ့ကတော့ မိနစ်(၂၀) စက်လှေနဲ့သွားရပါတယ်။ (၃)မိုင်ဝေးပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့ကတော့ (၄)ဖာလုံပဲဝေးတဲ့နေရာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဆောက်ပေးတဲ့အတွက် ကြိမ်ချောင်းမှာဆောက်တဲ့သဘောမျိုးနဲ့ အတူတူပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ ပေးမှာပါ။

နောက်တစ်ခုဖြစ်တဲ့ မင်းသားတောင်ကျေးရွာကို ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခု တောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ဒါ အားလုံး ပြန်လည်သုံးသပ်တဲ့အခါကျတော့ ဒီ မင်းသားတောင်ရွာဟာ ကျောက်တော်မြို့နယ်၊ သရက်တပင် ကျေးလက်ကျန်းမာရေးဌာနမှာရှိတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ သရက်တပင် ကျေးလက်ကျန်းမာရေးဌာနကို ကြည့်တဲ့ခါမှာလည်း သူက ထူးခြားစွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၉)ခုရှိနေတာကို တွေ့ရပါတယ်။ ထုံးစံကတော့ (၄)ခု၊ (၅)ခုလောက်က များပါတယ်။ (၉)ခု၊ (၁၀)ခုဆိုတာ တော်တော်လေး များပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သိပ်များနေတဲ့အခါကျတော့ (၉)ခုတောင်ရှိတဲ့အထဲက ခွဲထုတ်ပြီး ကျေးလက်ကျန်းမာရေးဌာနတစ်ခု RHC ပေါ့။ Rural Health Center တစ်ခုရဖို့အတွက်ကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ အောက်တိုဘာလ ၁၈ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၁၉/၂၀၁၈)နဲ့ ဒီ ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ခွင့်ကို ခွင့်ပြုပြီး ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒါကို ဆက်လက်လုပ်နေပါတယ်။ ဒီမှာ လုပ်တဲ့အခါမှာ၊ ပြန်ကြည့်တဲ့အခါမှာ ဒါ အသစ် ကျေးလက်ကျန်းမာရေးဌာနဟာ ဘာလဲဆိုတော့ ဆင်အိုးချိုင်၊ အရင်တုန်းက ဆင်အိုးချိုင်သည် သရက်တပင်ရဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုပါ။ အဲဒီ(ခွဲ)ကို ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာနအဖြစ် တင်လိုက်ပါတယ်။ တင်လိုက်တဲ့အခါကျတော့ သူ့အောက်မှာရှိတဲ့

ကျောက်တန်း၊ လမ္ဘတော်၊ ပေါင်းတုတ်၊ ရွာသစ် အဲဒီမှာလည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ် (၄)ခု အလိုလိုရသွားပါတယ်။ ဒီမှာ ပြန်ကြည့်တဲ့အခါကျတော့ ကျန်နေတဲ့ မင်းသားတောင်က နည်းနည်းဝေးပါတယ်။ သူက အရင်မူလ (၉)ခုထဲမှာပါတဲ့ စပါးဆိပ်(သရီ) ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အောက်မှာရှိတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ အဲဒီရွာတစ်ရွာကလည်း ကျွန်တော်တို့ ကြည့်တဲ့အခါမှာ ဒီဟာနဲ့ စပါးဆိပ်(သရီ) (၅)မိုင်ဝေးပါတယ်။ ခရီးလမ်းပန်းဆက်သွယ်ရေးလည်း တော်တော်ခက်ခဲပါတယ်။ အဲဒီတော့ ဒီဥစ္စာကိုလည်း ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တစ်ခုလုပ်ပေးပါမယ်။ လုပ်ပေးတဲ့အခါမှာ ခုနက အသစ်တွေပေါ်လာတဲ့အခါမှာ ကျွန်တော်က ရွာတွေကိုတော့ ပြန်ပြီးတော့ Adjust ပေါ့လေ။ ပြန်လုပ်ရပါတယ်။ သူနဲ့ နီးစပ်ရာရှိတဲ့ရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေ လုပ်ပေးရပါတယ်။ အဲဒီတော့ ဒီဥစ္စာကိုလည်း ကျွန်တော်တို့က ပေးမယ်ဖြစ်ပါတယ်။ ဒီ မင်းသားတောင်ကို။

နောက် တတိယဖြစ်တဲ့ ရွာတစ်ရွာပါ။ ဒါက သရက်ချောင်းအုပ်ကျေးရွာကိုလည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု တောင်းပါတယ်။ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ အဲဒီ သရက်အုပ်ကျေးရွာက အပေါက်ဝ ကျေးလက်ကျန်းမာရေးဌာနရဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ ဒီ အပေါက်ဝ ကျေးလက်ကျန်းမာရေးဌာနမှာ ဆိုလို့ရှိရင် ဌာန(ခွဲ)(၄)ခု ရှိပါတယ်။ တောင်ပေါက်၊ သင်္ဂနက်၊ ဒုက္ကံချောင်း၊ င/တပေါင်း။ ဒီ တောင်းဆိုတဲ့ သရက်အုပ်ကျေးရွာသည် င/တပေါင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အောက်မှာရှိတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ (၂)မိုင်ပဲဝေးပါတယ်။ နောက် င/တပေါင်းမှာလည်း ကျွန်တော်တို့က အင်အားအပြည့် ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂(၁)ဦး၊ သားဖွားဆရာမ(၁)ဦး ရှိပါတယ်။ နောက် အဲဒီတော့ (၂)မိုင်ပဲဖြစ်တဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေလည်း ရှိတဲ့အခါကျတော့ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစွာ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် လောလောဆယ်ကတော့ မလိုသေးတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒါ ပထမမေးခွန်းကို ကျွန်တော် ဖြေကြားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ မေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်အတွင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်နှင့် သောက်သုံးရေကန်ကြားမှာရှိတဲ့ ကျွန်တော်တို့ ဓာတ်ပုံလည်းရှိပါတယ်။ နေရာကြီးပါ။ အဲဒီနေရာမှာ အလျား(၄၂၀)ပေ၊ အနံ(၁၃၀)ပေရှိတဲ့ မြေကွက်ကြီး ရှိပါတယ်။ အဲဒီတော့ ဒီမှာ အားကစားကွင်းဆောက်လုပ်ဖို့ အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်လို့ကတော့ ကျွန်တော့်အနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စာ ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးက ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်(ကိုယ်စား) တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ပေးပို့လာသော စာ ရပါတယ်။ အဲဒီမှာ သူတို့ တင်ပြထားတာကတော့ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်အတွင်း စာကြည့်တိုက်နှင့် သောက်သုံးရေကန်ကြားရှိ (၄၂၀ x ၁၃၀)ပေ မြေကွက်လပ်နေရာအား မြေပြင်အခြေအနေများကို သွားစစ်ဆေးတဲ့အခါမှာ အဲဒီနေရာက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို လွှဲလိုက်ပါတယ်။ လွှဲတုန်းကတည်းက မြို့ကွက်ကျမြေပုံ Block Map အရ မြေတိုင်းရပ်ကွက်(၉၃)၊ မြေကွက်အမှတ်(၁၇၆)မှ (၁၉၇)ခု၊

စုစုပေါင်းအကွက်(၂၂)ကွက်ရှိပါတယ်။ မြေပုံနဲ့ရှိပါတယ်။ အဲဒီတော့ မြို့ကွက်ကျမြေပုံများအဖြစ် သတ်မှတ်ပါဝင်ခဲ့ပါတယ်။ အဲဒီ(၂၂)ကွက်ထဲမှာ အမှတ်(၁၈၆)နှင့် (၁၈၇)ထိပ်နားက (၂)ကွက်ပါ။ အဲဒီ(၂)ကွက်သည် မြေငှားခ စည်းကြပ်မှုစာရင်း (Assessment Roll) မှာ ပုဂ္ဂလိကအမည်ပေါက်ဖြင့် မှတ်သားပါဝင်လျက်ရှိတယ်ဆိုတာကို ပြောပါတယ်။ အဲဒီတော့ ကျန်တဲ့အကွက်(၂၀)မှာက လက်ရှိ မြေပြင်စစ်ဆေးမှုအရ မြေကွက်လပ်အဖြစ် တည်ရှိနေသော်လည်း အဆိုပါမြေကွက်ပေါ်တွင် လူနေ ရပ်ကွက်(၂၂)ရပ်ကွက် ဖော်ထုတ်ချထားပေးသည့်နေရာ ဖြစ်ပါသဖြင့် ရပ်ကွက်အားကစားကွင်းအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ်မရှိကြောင်းလို့ သူက ပြန်ဆိုထားပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကို တင်ပြချင်တာကတော့ ဒီနေရာမှာ နေရာမြေကွက်ရှိရင် ကျွန်တော်တို့ ဒါကို အားကစားကွင်းကို ၂၀၁၉-၂၀၂၀ မှာ တစ်ခါတည်း ထည့်ပေးပါမယ်။ ဆောက်ပေးပါမယ်။ မြေ မရှိလို့။ သို့သော်လည်း ကျွန်တော် ဒါကတော့ ဒီမှာ စာအရတော့ တင်ပြတာပေါ့လေ။ လျှို့ဝှက်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို ပေးလိုက်တဲ့စာထဲမှာ တစ်ခု ကျွန်တော်တွေ့ပါတယ်။ ဒါကတော့ ကျွန်တော်လည်း ပြောသင့်၊ မပြောသင့်တော့ မပြောတတ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာ ပြောလိုက်ပါမယ်။ Transparent နဲ့ ဖြစ်ရပါမယ်။ အဲဒီတော့ ခေတ္တဌာနမှူး ကနေပြီးတော့ ရေးတဲ့စာထဲမှာ ခုနကျန်တဲ့ အကွက်(၂၀)ပေါ့။ အားလုံး(၂၂)ကွက်ရှိတယ်။ (၂)ကွက် ကတော့ ပုဂ္ဂလိကဟာဖြစ်သွားလို့ လုပ်လို့မရဘူး။ ကျန်တဲ့ အကွက်တွေမှာ သူကရေးထားတာကတော့ ကျန်အမည်ပေါက် မှတ်သားပါဝင်မှုမရှိသော မြေကွက်များအနေဖြင့် မြေစီမံမှု လွှဲပြောင်းပေးအပ်ခဲ့သည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်/လိုင်စင်/မြေငှားစာချုပ်ဂရံ တစ်စုံတစ်ရာ ခွင့်ပြုချ ထားခြင်း ရှိ/မရှိကိုတော့ စိစစ်ရမယ်တဲ့။ ဆိုလိုတာက အကယ်၍ ဒါကို စိစစ်လို့ ဘာမှမရှိဘူး၊ မပေးဘူး ဆိုလို့ရှိရင်တော့ ဒီ အားကစားကွင်းဖြစ်နိုင်တဲ့ အလားအလာတော့ ရှိပါတယ်။

အဲဒီကိစ္စမှာတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးကို တင်ပြချင်တာကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ပြန်လည်ညှိနှိုင်း ပြီးတော့ ရမယ်ဆိုရင် အကုန်လုံးမရရင်တောင်မှ တစ်ဝက်လောက်ရရင်လည်း ကျွန်တော်တို့က ၂၀၁၉ - ၂၀၂၀ ဘတ်ဂျက်မှာ ကျွန်တော်က ထည့်ပေးပါမယ်။ အရမ်းအရေးကြီးပါတယ်။ ဒီလို ရပ်ကွက်မှာရှိတဲ့ ကလေးတွေဟာ ဒါကို ကစားမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်သောက်ခြင်း၊ အရက် သောက်ခြင်းကအစ အကုန်ဝေးမယ်။ ကျွန်တော့်အနေနဲ့ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး တစ်ယောက်အနေနဲ့ကတော့ ဒါကိုပေးချင်ပါတယ်ခင်ဗျား။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးအနေနဲ့ ပြန်လည်ပြီးတော့ ညှိသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ လေးစားစွာ ဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ရဲ့ မေးခွန်းဖြစ်တဲ့ ထန်တလန်မြို့နယ်၊ ဖါရွှန်းကျေးရွာ ကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်ကိစ္စနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြန်လည်ကြည့်ပြီးတဲ့အခါမှာ ထန်တလန်မြို့မှာတော့ လူဦးရေ(၅၀၀၀၀) ကျော်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံနဲ့ တိုက်နယ်ဆေးရုံ(၄)ရုံ ရှိပါတယ်။ စုစုပေါင်း ဆေးရုံပေါင်း (၅)ရုံရှိတာကိုတွေ့ရပါတယ်။ အဲဒီတော့ တောင်းဆိုတဲ့ ဖါရွှန်း ကျေးလက်ကျန်းမာရေးဌာနသည် ထန်တလန်မြို့ ပြည်သူ့ဆေးရုံနဲ့ (၂၂)မိုင်ပဲဝေးပြီးတော့ နွေ၊ မိုး၊ ဆောင်း သုံးရာသီ မော်တော်ကား၊ ဆိုင်ကယ်များနဲ့ သွားလာနိုင်တယ်ဆိုတာကိုတွေ့ရပါတယ်။ အဲဒီတော့ ဖါရွှန်း ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)လည်း ကျွန်တော်တို့ (၄)ခု ရှိပါတယ်။ အဲဒီတော့ ဖါရွှန်း ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်အဖြစ် အဆင့်တိုးမြှင့်မယ် ဆိုရင်တော့ သူ လုပ်နိုင်တဲ့ရွာကလည်း (၆)ရွာလောက်ပဲ လူဦးရေကလည်း(၃၇၀၀)လောက်ပဲ ရှိပါတယ်။ တိုက်နယ်ဆေးရုံကို ဆောက်ဖို့အခွင့်အလမ်းကတော့ သိပ်ပြီးတော့မရှိပါဘူး။ ဒါက လောလောဆယ် အခြေအနေမှာပါ။

သို့သော်လည်း ကျွန်တော့်အနေနဲ့ကတော့ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီမှာ တောင်းဆို တာတွေ အများကြီး တွေ့ရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်က။ အဲဒီတော့ ကျွန်တော့် အနေနဲ့ကတော့ အခု ချင်းပြည်နယ်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ကို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ ချင်းပြည်နယ်ကတော့ အထူးသဖြင့် တောတောင်ထူထပ်ခြင်း၊ သွားလာရခက်ခဲခြင်း၊ လူဦးရေကျဲပါးခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း စတဲ့ထူးခြားသော အခြေအနေများရှိခြင်းကြောင့် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဗဟိုမှ တာဝန်ရှိတဲ့သူတွေနဲ့ ချင်းပြည်နယ်၊ ကျွန်တော်တို့ တာဝန်ဦးစီးမှူးမှ တာဝန်ရှိတဲ့လူတွေနဲ့ အဖွဲ့တစ်ဖွဲ့ခွဲပြီးတော့ ကျွန်တော် ချင်းပြည်နယ် တစ်ခုလုံးကို Holistic Review လုပ်ပြီးတော့ ကျွန်တော်ကိုယ်တိုင် Format တွေ ချပြီးတော့ အခု လုပ်နေပါတယ်။ ဒီလိုဟာမျိုးကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကုန် လုပ်ပါမယ်။ အဲဒါဆိုရင် ကျွန်တော်တို့က ကြိုတင်ပြီး သိနေပြီ။ မည်သည့်တိုင်းဒေသကြီးမှာ ဘာလိုလဲ ဆိုတာကို သိမယ်။ ကျွန်တော်တို့က ဦးစားပေး Priority လုပ်ထားမယ်ဆိုရင် ကြိုသိမယ်။ လိုသလား၊ မလိုဘူးလား။ အကုန်လုံးမှာ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေက ဘယ်လိုရှိတယ်။ လက်လှမ်းမီမှု အခြေအနေက ဘယ်လိုရှိတယ်။ ဆေးရုံအဖွဲ့က ဘယ်လောက်လဲ။ ခွင့်ပြုခုတင်က ဘယ်လောက်လဲ။ ကျေးလက် ကျန်းမာရေးဌာနက ဘယ်လောက်ရှိသလဲ။ ဌာနခွဲက ဘယ်လောက်။ ဆရာဝန်၊ သူနာပြု၊ အခြေခံ ဝန်ထမ်းများ လစ်လပ်မှု ရှိ/မရှိ။ ဘယ်လောက် လစ်လပ်လဲ။ ဆေးနှင့် ဆေးပစ္စည်းပံ့ပိုးမှု ရှိ/မရှိ။ လုံလောက်မှု ရှိ/မရှိ။ ကျန်းမာရေးအဆင့်အတန်း။ အခြေအနေအရပ်ရပ်ကို သုံးသပ်မယ့်အပြင် ကျွန်တော်တို့က Geographical Territory ပေါ့။ တောင်တွေ ထူထပ်ပြီး ရေတွေရှိတာ။ တချို့က နီးပေမယ့် အချင်းမိုင်(၂)မိုင်သာဝေးပေမယ့် (၂)ရက်လောက် သွားရတဲ့ခရီးတွေလည်း ရှိတယ်။ ဒါတွေက အကုန်ထွက်လာမှာပါ။ ထွက်လာရင် ကျွန်တော်တို့က ဦးစားပေး အစီအစဉ်အလိုက် လွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးခွန်းမမေးရင်တောင်မှ ကျွန်တော်တို့ သက်ဆိုင်ရာ၊ ၂၀၁၉-၂၀၂၀ မှာ ကျွန်တော်တို့က အကုန်ထည့်မှာပါ။

၂၀၁၉-၂၀၂၀ ဘတ်ဂျက်ကိုတော့ ကျွန်တော်တို့က သေသေချာချာ ကိုင်တွယ်ဖို့ ရှိပါတယ်။ လိုတာပဲ တောင်းမယ်။ မလိုတာကို လုံးဝ မတောင်းပါဘူး။ တောင်းတာကိုလည်း ကျွန်တော်တို့က

တကယ့်အကြောင်းအချက် တိတိကျကျနဲ့လုပ်မယ်။ အဲဒီလိုလုပ်ဖို့အတွက်ကို တစ်တိုင်းပြည်လုံးအနေနဲ့ ကျွန်တော် ဒါကို လုပ်ဖို့။ ဒီမေးခွန်းကို ဖြေရင်းနဲ့ မနေ့က ကျွန်တော် ဖြေဖို့ prepare လုပ်ရင်းနဲ့ ခေါင်းထဲကို ဝင်လာတာပါ။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့ ကျန်းမာရေးအဆင့်အတန်း အခြေအနေ ဘာတွေလိုတယ်။ လူလို၊ ဘာလို၊ ပစ္စည်းလို၊ ကိရိယာလို အကုန်လုံးကို ကျွန်တော်တို့ သိမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့က တစ်လခွဲလောက်အတွင်းကို အကုန်လုံးအဖွဲ့(၁၄)ဖွဲ့၊ (၁၅)ဖွဲ့နဲ့ ဖွဲ့ပြီး ကျွန်တော် လုပ်ဖို့ရှိကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ၁၈-၁-၂၀၁၈ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၅-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၅ - ၂ - ၂၀၁၉ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ဖြစ်ပါတယ်။ တစ်ဦးလျှင်(၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးသိန်းလွင်ဌေး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၏ အခန်း(၁၆)၊ ပုဒ်မ ၅၉ ကို ပြင်ဆင်ချက် တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ဥပဒေကြမ်း၏ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ခ)ကို ဆွေးနွေးလိုပါတယ်။ ၎င်းပုဒ်မခွဲ၏ အဆိုပြု ပြဋ္ဌာန်းချက်တွင် လူမှုဝန်ထမ်းအရာရှိသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သတင်းရရှိလျှင်ဖြစ်စေ ကလေးသူငယ်အား ကာကွယ်စောင့်ရှောက်မှု ပေးရန် လိုအပ်ခြင်း ရှိ/မရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။ ထို့အပြင် ကလေးသူငယ်အား မိဘအုပ်ထိန်းသူထံသို့ဖြစ်စေ၊ သင်တန်းကျောင်း ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေး ဂေဟာသို့ဖြစ်စေ အပ်နှံထားရန် ညွှန်ကြားနိုင်သည်ဟု ပြဋ္ဌာန်းထားပြီး ပြည်သူ့လွှတ်တော်က အဆိုပြု ပြဋ္ဌာန်းချက်ပါ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဟူသောစကားရပ်ကို ပယ်ဖျက်၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့် ဟူသောစကားရပ်ကို ထည့်သွင်းပြင်ဆင် အတည်ပြုခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်ကို သဘောတူကြောင်း လွှတ်တော်သို့ တင်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ အဆိုပါ ပုဒ်မခွဲနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းအရာရှိ ဟူသော ပုဂ္ဂိုလ် နေရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိတစ်ဦးစီ ပါဝင်ဖွဲ့စည်းထားသောအဖွဲ့ဟု အစားထိုးပြင်ဆင်ကာ ကျန်အချက်များအား အဆိုပြုပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက် အနေဖြင့် အဆိုပါပုဒ်မခွဲ(ခ)၏ အဆိုပြုပြဋ္ဌာန်းချက်အရ လူမှုဝန်ထမ်းအရာရှိ ထမ်းဆောင်ရမည့် တာဝန်မှာ ကြီးလေးများပြားနေကြောင်း တွေ့ရပါတယ်။ လူမှုဝန်ထမ်းအရာရှိ ဟူသည် ဤဥပဒေအရ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ တို့အရ နိုင်ငံ့ဝန်ထမ်းဖြစ်နိုင်သလို နိုင်ငံ့ဝန်ထမ်း မဟုတ်သူများလည်း ဖြစ်နိုင် ပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါကလည်း မြို့နယ်အဆင့်အရာရှိသည် အကျုံးဝင်သဖြင့် နိုင်ငံ့ဝန်ထမ်း

အရာထမ်းအဆင့်တွင် ရာထူးအဆင့် အငယ်ဆုံးအရာရှိများ လုပ်သက်နုပြီး လုပ်ငန်းအတွေ့အကြုံ နည်းပါးသူများလည်း ပါဝင်မှာဖြစ်ပါတယ်။ အဆိုပါ ပုဂ္ဂိုလ်မျိုးအား ဤ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ခ)ပါ တာဝန်များကို ပေးထားခြင်းဖြင့် ၎င်းအား ဝန်ပိစေပြီး ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွား အတွက် အပြည့်အဝကာကွယ်စောင့်ရှောက်မှု ပြုနိုင်ခြင်း ရှိ/မရှိ သုံးသပ်ရမှာဖြစ်ပါတယ်။

ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ ၅၈ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ပုဒ်မ ၅၇ တွင် ဖော်ပြထားတဲ့ ကာကွယ်စောင့်ရှောက်မှုပြုရန်လိုအပ်တဲ့ ကလေးသူငယ်အမျိုးအစားများမှာ မတူညီသလို ကာကွယ်စောင့်ရှောက်မှု ပြုရမယ့်နည်းလမ်းနဲ့ နေရာ၊ ဌာနတို့မှာလည်း ကွဲပြားကြမှာ ဖြစ်ပါတယ်။ ကာကွယ်စောင့်ရှောက်မှုပြုရမယ့် ကလေးသူငယ်များတွင် မိဘအုပ်ထိန်းသူရှိသော ကလေးသူငယ်တရားရုံးတွင် အမှုရင်ဆိုင်နေရသော ကလေးသူငယ်၊ မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း ပြုရာတွင် အသုံးချခံရသော ကလေးသူငယ် မိဘ သို့မဟုတ် အုပ်ထိန်းသူက ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ် စသဖြင့် ကာကွယ်စောင့်ရှောက်မှုပြုရန် အရေးတကြီး လိုအပ်နေသော ကလေးသူငယ်များလည်း ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ယင်းကဲ့သို့သော ကလေးသူငယ်များကို အခု ပုဒ်မခွဲပါအတိုင်း လူမှုဝန်ထမ်းအရာရှိ တစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့် ကာကွယ်စောင့်ရှောက် စေခြင်းအားဖြင့် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားအတွက် လုံလောက်သော ကာကွယ် စောင့်ရှောက်မှုပြုနိုင်မည် မဟုတ်သဖြင့် လူမှုဝန်ထမ်းအရာရှိအစား လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အရာရှိတစ်ဦးစီ ပါဝင်သောအဖွဲ့တစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ဖြစ်သော လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်ဆင့်ဟူသော စကားရပ်ကို ပယ်ဖျက်လိုပါတယ်။ ဤဥပဒေကြမ်း၏ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ တို့အရ ခန့်အပ်ထားတဲ့ လူမှုဝန်ထမ်းအရာရှိများသည် နိုင်ငံ့ဝန်ထမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ၎င်းတို့ ဆောင်ရွက်ရမယ့်ကိစ္စအားလုံးကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များနှင့်အညီသာ ဆောင်ရွက်ရမှာဖြစ်ပြီး အခု ပုဒ်မခွဲတွင်သာ လုပ်ထုံးလုပ်နည်းများနှင့်အညီဟု ထည့်သွင်း ပြဋ္ဌာန်းထားခြင်းဖြင့် ကျန်ကိစ္စရပ်များမှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မလိုဟု ထင်မြင်ယူဆစရာ ရှိလာနိုင်ပါတယ်။ သို့ဖြစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဟူသော စကားရပ်ကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

ဤဥပဒေကြမ်း၏ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ တို့တွင် ဖော်ပြထားတဲ့ ကလေးသူငယ်များကို ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်အရ ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်ခြင်း ရှိ/မရှိကို အဆင့်ဆင့် တင်ပြ နေရမယ်ဆိုရင် အချို့သောကိစ္စများတွင် နှောင့်နှေးကြန့်ကြာနေမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ အဆင့်ဆင့်တင်ပြရမည် ဆိုသော်လည်း မည်သူ၊ မည်ဝါ၊ မည်သည့်ဌာနသို့ တင်ပြရမည်လို့ အတိအကျ ဖော်ပြမထားသောကြောင့် ရေရာတိကျမှုမရှိကြောင်း တွေ့ရပါတယ်။ ကာကွယ်စောင့်ရှောက်ရမည့် ကလေးသူငယ်များ၏ အမျိုးအစား၊ အခြေအနေအပေါ် မူတည်၍ ကာကွယ်စောင့်ရှောက်ရမယ့် နည်းလမ်း၊ နေရာ၊ ဌာနမှာ တူညီနိုင်မှာ မဟုတ်တာကြောင့် ဆောင်ရွက်ရမယ့် လုပ်ငန်းအဆင့်ဆင့် အသေးစိတ်ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သာ ထည့်သွင်းပြဋ္ဌာန်းသင့်သဖြင့်

ပြည်သူ့လွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းထားတဲ့ အဆင့်ဆင့်ဟူသော စကားရပ်ကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခဲ့သော လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည် ဆိုသောစကားရပ်ကို အဆိုပြုပြဋ္ဌာန်းချက်ပါအတိုင်း ပြန်လည်ထည့်သွင်းလိုပါတယ်။ ဤဥပဒေပါ ဆောင်ရွက်ချက်များအားလုံးကို တာဝန်ခံဌာနဖြစ်သော လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြအစီရင်ခံရန် လိုအပ်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ ဖွဲ့စည်းမည့် အမျိုးသား ကော်မတီ၏ အတွင်းရေးမှူး ဖြစ်ခြင်းကြောင့် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုပြုရန် အထက်ဌာန အဖွဲ့အစည်းများသို့ ဆက်လက်တင်ပြရန် လိုအပ်ပါက တင်ပြနိုင်ခြင်း၊ ဦးစီးဌာနအနေဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မှုပြုရန် အဆင့်ဆင့်သော လူမှုဝန်ထမ်းဦးစီးမှုးရုံးများကို ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ခြင်းတို့ကြောင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည် ဟူသော အဆိုပြုပြဋ္ဌာန်းချက်ပါ စကားရပ်အား ပြန်လည်ထည့်သွင်းလိုခြင်း ဖြစ်ပါတယ်။

အထက် တင်ပြခဲ့သည့် အခြေအနေများကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ခ)အရ ဖော်ပြပါအတိုင်း အဖွဲ့သည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ တစ်နည်း နည်းဖြင့် သတင်းရရှိလျှင်ဖြစ်စေ ကလေးသူငယ်အား ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်ခြင်း ရှိ၊ မရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။ ထို့အပြင် ကလေးသူငယ်အား မိဘအုပ်ထိန်းသူထံသို့ဖြစ်စေ၊ သင်တန်းကျောင်း ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာသို့ဖြစ်စေ အပ်နှံထားရန် ညွှန်ကြားနိုင်သည်ဟု ပြင်ဆင်လိုပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့တဲ့ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ခ)ပြင်ဆင်ချက်များနှင့် ဆက်စပ်၍ အဆိုပါ ပုဒ်မ ၅၉ ၏ ပုဒ်မခွဲ(က)နှင့် (ဂ)တို့တွင်လည်း လူမှုဝန်ထမ်းအရာရှိဟူသည့် စကားရပ်များကို ပယ်ဖျက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ အရာရှိတစ်ဦးစီ ပါဝင်ဖွဲ့စည်းထားသောအဖွဲ့ဟု အစားထိုးပြင်ဆင်လိုပါကြောင်း တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဗိုလ်မှူးဇော်ဝင်းဦး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဆိုပြုပြဋ္ဌာန်းချက် အခန်း(၁)၊ အပိုဒ် ၃၊ ပုဒ်မ (န)(၁)၊ အခန်း(၁၇)၊ အပိုဒ် ၆၁(ဂ)(ဃ)(ဇ)၊ အပိုဒ် ၆၂(က)(စ)၊ အပိုဒ် ၆၃(ခ)၊ အခန်း(၁၈)၊

အပိုဒ် ၆၅၊ အခန်း(၂၁)၊ အပိုဒ်(၇၆) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက် အပိုဒ် ၆၃(က)တို့နဲ့ စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ တပ်မတော်မှ စစ်မှုထမ်းအဖြစ် စာရင်းစသွင်းသူများကို တပ်သားသစ်ဟု ခေါ်ဝေါ်သုံးစွဲပါတယ်။ နိုင်ငံတော်၏ တပ်မတော်မဟုတ်သည့် အခြားလက်နက်ကိုင် အုပ်စုများ၏ စုဆောင်းခြင်းကိုတော့ လူသစ်စုဆောင်းခြင်းလို့ ခေါ်ဝေါ်သုံးစွဲကြရာ နိုင်ငံတော်၏ တပ်မတော်နှင့် နိုင်ငံတော်၏ တပ်မတော်မဟုတ်သော အခြားလက်နက်ကိုင်အုပ်စုများဟူ၍ ကွဲကွဲပြားပြား ဖြစ်စေလိုခြင်းကြောင့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃(န)(၁)ပါ လက်နက်ကိုင် ပဋိပက္ခတွင် အသုံးချရန် တပ်သားအဖြစ် အဓမ္မ သို့မဟုတ် မလုပ်မနေရ စုဆောင်းခြင်းဆိုသည့် စကားရပ်အစား လက်နက်ကိုင် ပဋိပက္ခတွင် အသုံးချရန် တပ်သားသစ် သို့မဟုတ် လူသစ်အဖြစ် အဓမ္မ သို့မဟုတ် မလုပ်မနေရ စုဆောင်းခြင်း ဟူ၍ဖြင့်လည်းကောင်း၊ အပိုဒ် ၆၁(ဂ)(ဇ)၊ အပိုဒ် ၆၂(က)တို့မှာ တပ်သားအဖြစ် စုဆောင်းဆိုသည့် စကားရပ်များအစား တပ်သားသစ် သို့မဟုတ် လူသစ်စုဆောင်းမှု ဟုလည်းကောင်း၊ အပိုဒ် ၆၃(ခ)ပါ စစ်သားအဖြစ် စုဆောင်းခြင်းစကားရပ်အား တပ်သားသစ် သို့မဟုတ် လူသစ် စုဆောင်းခြင်း ဟူ၍လည်းကောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီပြင်ဆင်ချက် အပိုဒ် ၆၃(က)ပါ နိုင်ငံတော်၏ တပ်မတော်အတွင်းသို့ တပ်ဖွဲ့ဝင်သစ်အဖြစ်သို့ စုဆောင်းခြင်းဆိုသည့် စကားရပ် အစား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ၆၃(က)အတိုင်း နိုင်ငံတော်၏ တပ်မတော်အတွင်းသို့ တပ်သားသစ်အဖြစ် စုဆောင်းခြင်း ဆိုသည့်စကားရပ်အတိုင်းလည်းကောင်း ပြောင်းလဲပြင်ဆင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၁၊ အပိုဒ်ခွဲ(ဃ)တွင် လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ ကလေးသူငယ်များအပေါ် ချိုးဖောက်မှုများအတွက် တာဝန်ရှိ သူများအား အရေးယူတရားစွဲဆို တင်ပို့ရေးအတွက် ဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ ကလေးသူငယ်များအပေါ် ချိုးဖောက်မှုများ အတွက် တပ်မတော်အပါအဝင် မည်သည့်လက်နက်ကိုင်အဖွဲ့မျှမဆို တာဝန်ရှိသူများအား အရေးယူ တရားစွဲဆို တင်ပို့ရေးအတွက် ဆောင်ရွက်ရမည်လို့ ဖြည့်စွက်ပြင်ဆင်လိုအပ်ပါတယ်။

အကြောင်းမှာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးသူငယ်များ အားလုံးတို့အတွက် ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်၍ နိုင်ငံတော်၏ တပ်မတော်မဟုတ်သည့် အခြားလက်နက်ကိုင်အဖွဲ့အစည်းတို့အတွက် ပြဋ္ဌာန်းချက်တိတိကျကျ မပါရှိခြင်းကြောင့် တစ်နိုင်ငံလုံးသို့ တရားဥပဒေ စိုးမိုးသက်ရောက်မှုရှိစေရေးအတွက် ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၆၂(စ)ပါ ပြဋ္ဌာန်းချက်သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် Convention on the Rights of the Child (CRC) ပြဋ္ဌာန်းချက်များတွင် ပါဝင်ခြင်းမရှိဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ ပါ ပြဋ္ဌာန်းချက်ကို ထည့်သွင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံသည် အဓိကအားဖြင့် မိမိပါဝင်ထားသည့် Convention ပါ ပြဋ္ဌာန်းချက်ကိုသာ အကောင်အထည်ဖော်ပေးရန် ဖြစ်ပါတယ်။ အပိုဒ် ၆၂(စ)ကို ယခုအတိုင်း ပြဋ္ဌာန်းလိုက်ပါက လုံခြုံရေး တာဝန်ထမ်းဆောင်သူများကို ရာဇဝတ်ကြောင်းအရ အရေးယူနိုင်ရန် ပြဋ္ဌာန်းသလို ဖြစ်နေပါတယ်။

လူသားချင်းစာနာမှု အကူအညီအထောက်အပံ့နှင့် ဝန်ဆောင်မှုများပေးသည့်အခါ လူ၊ ယာဉ်နှင့် ပစ္စည်းတို့ အတွက် လုံခြုံမှုမရှိလျှင် တားဆီးရမှာဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၂(စ)ကို လူသားချင်းစာနာမှု အကူအညီအထောက်အပံ့နှင့် ဝန်ဆောင်မှုများ၏ လူ၊ ယာဉ်နှင့် ပစ္စည်းများ လုံခြုံမှု မရှိသော အခြေအနေမှအပ လူသားချင်းစာနာမှု အကူအညီ၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရရှိမှုကို ငြင်းဆိုအဟန့်အတားပြုခြင်းလို့ ပြင်ဆင်လိုပါတယ်။

ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၅ သည် တရားခံလွှဲပြောင်းခွင့်အတွက် ဖြည့်စွက် ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် တရားခံလွှဲပြောင်းရေးဥပဒေ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ တရားခံလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှစ်ရပ်ပြဋ္ဌာန်းထားခြင်းလည်း မသင့်တော်ပါ။ နောင် အနာဂတ်အတွက် မျှော်မှန်းပြဋ္ဌာန်းခြင်းလည်း မပြုသင့်ပါ။ ကလေးသူငယ်အခွင့်အရေး ကာကွယ်ရေး ဥပဒေဖြစ်တဲ့အတွက် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် ကျူးလွန်သူကို တရားခံ လွှဲပြောင်းလိုခြင်းနှင့် ယင်းပြစ်မှုများကို တရားခံလွှဲပြောင်းရေးဥပဒေအတွက်သာ ဖြည့်စွက်ပြဋ္ဌာန်း သင့်ပြီး အပိုဒ် ၆၅ ကို ပြဋ္ဌာန်းရန် မသင့်ဘဲ ပယ်ဖျက်လိုပါတယ်။

အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇၆ တွင် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်က အသက်နှင့်စပ်လျဉ်းသည့် အထောက်အထား တင်ပြခြင်း မပြုနိုင်သေးမီ ၎င်း၏ အသက်အရွယ် ငယ်ရွယ်မှုနှင့် ပုံပန်းသဏ္ဌာန်အရ (၁၈)နှစ်မပြည့်သေးသူဖြစ်နိုင်သည်ဟု ထင်မြင်ယူဆနိုင်ပါက ဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးကို ရထိုက်ခွင့်ရှိစေရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်က အသက်နှင့်စပ်လျဉ်းသည့် အထောက်အထား တင်ပြခြင်း မပြုနိုင်သေးမီ ၎င်း၏အသက်အရွယ် ငယ်ရွယ်မှုနှင့် ပုံပန်းသဏ္ဌာန်အရ အသက်(၁၈)နှစ် မပြည့်သေးသူဖြစ်နိုင်သည်ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ ဆရာဝန်မှ ထင်မြင်ယူဆနိုင်ပါက ဤဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးကို ရထိုက်ခွင့် ရှိစေရမည်လို့ ပြင်ဆင်လိုပါတယ်။ အကျိုးကြောင်းဖော်ပြချက်အနေနဲ့ ပြဋ္ဌာန်းချက်တွင် မည်သူ၏ ထင်မြင်ယူဆချက်ဟု ရှင်းလင်းစွာ ဖော်ပြမထားဘဲ သက်သေခံဥပဒေပုဒ်မ ၄၅ တွင် ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များသည်သာ အမှုနှင့်စပ်ဆိုင်သော အကြောင်းအရာများဖြစ်သည်ဟု ဖော်ပြထားသောကြောင့် ပုံပန်းသဏ္ဌာန်အရ အသက်(၁၈)နှစ် မပြည့်သေးသူ ဖြစ်နိုင်သည်ဟု ဆေးဘက်ပညာကျွမ်းကျင်သူ ဆရာဝန်များကသာ ထင်မြင်ယူဆနိုင်မည်ဖြစ်ပါသဖြင့် ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ဤကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအား မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ အမျိုးသား အကျိုးစီးပွားနှင့် အချုပ်အခြာအာဏာတို့ကို ထိခိုက်မှု ရှိ/မရှိ စဉ်းစားဆင်ခြင်သုံးသပ် ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဗိုလ်မှူးထက်လင်း (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပြင်ဆင်ထားသည့် ဥပဒေကြမ်း၏ တင်ပြပါ အပိုဒ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ အပိုဒ် ၇၅၊ အပိုဒ်ခွဲ(က) အသက်(၁၀)နှစ်မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ပြုလုပ်စဉ်အခါက မိမိပြုသော ပြုလုပ်မှု၏သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်၊ အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက်(၁၀)အထက်၊ (၁၂)နှစ်အောက်အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟုလည်းကောင်း ဖော်ပြထားရှိပါတယ်။

သို့ရာတွင် ရာဇသတ်ကြီးဥပဒေ အခန်း(၄)၊ ကင်းလွတ်ရမည့်အချက်များ ပုဒ်မ ၈၂ တွင် တင်ပြပါအတိုင်း အသက်(၇)နှစ်အောက်ကလေး ပြုလုပ်သည့် ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု လည်းကောင်း၊ ပုဒ်မ ၈၃ တွင် တင်ပြပါအတိုင်း ပြုစဉ်အခါက မိမိပြုသော ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်၊ အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် (၇)နှစ်အထက် (၁၂)အောက်အရွယ်ရှိသောကလေး၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိရာ ပြစ်မှုဆိုင်ရာကိစ္စရပ်များအတွက် အဓိကထား ပြဋ္ဌာန်းထားသည့် တည်ဆဲရာဇသတ်ကြီး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲမှုမရှိစေရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အပိုဒ် ၇၅၊ အပိုဒ်ခွဲ(က)အား အသက်(၇)နှစ်အောက် ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရဟု၍လည်းကောင်း၊ အပိုဒ် ၇၅၊ အပိုဒ်ခွဲ(ခ)အား ပြုလုပ်စဉ်အခါက မိမိပြုသော ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက်(၇)နှစ်အထက် (၁၂)အောက်အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟုလည်းကောင်း အသီးသီးပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားသည့် ဥပဒေကြမ်း အပိုဒ် ၈၂၊ အပိုဒ်ခွဲ(င)တွင် မည်သည့် အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ၊ ချုပ်မိန့်မပေးရဟု ဖော်ပြထားရှိပါတယ်။ ၎င်းဖော်ပြထားရှိချက်အရ ကလေးသူငယ်အား အဆိုပါနေရာများတွင် ချုပ်မိန့် မပေးရန် တားမြစ်သကဲ့သို့ အဓိပ္ပာယ်လွဲမှားနေသဖြင့် ဥပဒေရေးထုံး လျော်ညီမှန်ကန်မှုရှိစေရန် အတွက် အပိုဒ် ၈၂၊ အပိုဒ်ခွဲ(င)အား မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ၊ ထားရှိရန် ချုပ်မိန့်မပေးရဟု ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှလည်း အဆိုပါအပိုဒ် ၈၂၊ အပိုဒ်ခွဲ(င)တွင် တင်ပြပါအတိုင်း ထားရှိရန်ဆိုသည့် စကားရပ်အား ဥပဒေရေးထုံး မှန်ကန်ညီညွတ်မှုရှိစေရန်အတွက်

ပြင်ဆင်ထားပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်အတိုင်း အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပြင်ဆင်ထားသည့် ဥပဒေကြမ်း အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)တွင် တင်ပြပါအတိုင်း ကလေးသူငယ်ကို ထောင်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်၍ ဖော်ပြထားပြီး အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဃ)တွင် ပုဒ်မခွဲ(ဂ)အရ ထောင်ဒဏ်ချမှတ်ရာတွင် ထိုကလေးသူငယ်မှာ အသက်(၁၆)နှစ် မပြည့်သေးပါက ချမှတ်သောထောင်ဒဏ်သည် (၇)နှစ်ထက်ပို၍လည်းကောင်း၊ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် (၁၀)နှစ်ထက်ပို၍လည်းကောင်း မချမှတ်ရဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သို့ရာတွင် ဥပဒေကြမ်း၏ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် ကလေးသူငယ်ဆိုသည်မှာ အသက်(၁၈)နှစ် မပြည့်သေးသောသူကို ဆိုသည်ဟု ကလေးသူငယ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားတာ တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဃ)ပါ ဖော်ပြချက်များအရ ကလေးသူငယ်ကို ထောင်ဒဏ်ချမှတ်ရာတွင် အသက်(၁၆)နှစ်၊ အသက်(၁၈)နှစ် စသည်ဖြင့် ခွဲခြား၍ ထောင်ဒဏ်အနည်းအများချမှတ်ခြင်းသည် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)ပါ ကလေးသူငယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ ပြန်လည်ဆန်းစစ် သုံးသပ်ရန်လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှလည်း အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)ခြေဆင်းတွင် တင်ပြပါအတိုင်း ကလေးသူငယ်ကျူးလွန်သည့် ပြစ်မှုမှာ အောက်ပါအချက်နှစ်ရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးကယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် ထောင်ဒဏ်သည် (၁၀)နှစ်ထက် မပိုစေရဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

သို့ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)အရ ပြစ်မှုကျူးလွန်သူကလေးသူငယ်အား အပိုဒ်ခွဲငယ်(၁)နှင့် အပိုဒ်ခွဲငယ်(၂)ပါ အချက်နှစ်ရပ်လုံးနှင့် အကျုံးဝင်ပါက ထောင်ဒဏ်ချမှတ်ရမည်ဟု ဖော်ပြထားရာ အပိုဒ်ခွဲငယ်(၁)ပါ ပြစ်မှုတစ်မျိုးမျိုးကို ကျူးလွန်သည့် ကလေးသူငယ်အား အပိုဒ်ခွဲငယ်(၂)ပါ ဖော်ပြချက်နှင့် အကျုံးဝင်ပါက ထောင်ဒဏ်ချမှတ်နိုင်မည် မဟုတ်ပါ။ ထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်ရမည့်ပြစ်မှုကို ကျူးလွန်သည့် အပိုဒ်ခွဲငယ်(၂)ပါ ဖော်ပြချက်နှင့် အကျုံးဝင်သည့် ကလေးသူငယ်ကို အပိုဒ်ခွဲငယ်(၁)ပါ ဖော်ပြချက်နှင့် အကျုံးမဝင်ပါက ထောင်ဒဏ်ချမှတ်နိုင်မည် မဟုတ်ပါ။ ထောင်ဒဏ်ချမှတ်သင့်သည့် ပြစ်မှုကို ကျူးလွန်သည့် ကလေးသူငယ်များ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရန်နှင့် ကလေးသူငယ်တရားရုံး၊ တရားသူကြီး၏ ဆင်ခြင်တုံတရားအား ကန့်သတ်မှုနည်းပါးစေရန်တို့အတွက် အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ) ခြေဆင်းအား တင်ပြပါအတိုင်း ကလေးသူငယ်ကျူးလွန်သည့် ပြစ်မှုမှာ အောက်အချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။

ထိုသို့ချမှတ်ရာတွင် ထောင်ဒဏ်သည် (၁၀)နှစ်နှင့် မပိုစေရဟု ပြင်ဆင်သင့်ပါကြောင်းနှင့် အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)အား အပိုဒ်ခွဲငယ်(၂)အဖြစ် အစားထိုးပြင်ဆင်ဖြည့်စွက်ခြင်း၊ အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဃ)တို့ ပယ်ဖျက်ခြင်းအား အမျိုးသား

လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်များအတိုင်းသာ အတည်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဗိုလ်မှူးကျော်မိုးသွင် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မိုးသွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မူလအဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀၄ ကို ပြန်လည်ထည့်သွင်းဖော်ပြရန်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၁၁၅ အဖြစ် ပြင်ဆင်ထားသည့် ပြည်သူ့လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၄ ကို ပယ်ဖျက်ရန်အတွက် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေဖြင့် မူလဥပဒေကြမ်း၏ အခန်း(၂၇)၊ အပိုဒ် ၁၀၄ တွင် မည်သူမဆို ကလေးသူငယ်ကို ဖြစ်စေ၊ မသန်စွမ်းကလေးသူငယ်ကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်အနှစ်(၂၀)မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဆိုပြု ပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးသူငယ်၊ မသန်စွမ်းကလေးသူငယ်၊ မုဒိမ်းမှုများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ၎င်းပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက် ထားကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ အခန်း(၂၇)တစ်ခုလုံးသည် ပြစ်မှုနှင့် ပြစ်ဒဏ်များကိုသာ အကျုံးပြုပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ယခုပြဋ္ဌာန်းမည့် ဥပဒေကြမ်းသည် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် စပ်လျဉ်းပြီး အထူးပြုပြဋ္ဌာန်းလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြစ်မှုကျူးလွန်သူများကို အပြစ်ပေး အရေးယူရမယ့် ပြစ်ဒဏ်များကို ချမှတ်တဲ့အခါမှာလည်း ထိထိရောက်ရောက် ဟန့်တားနိုင်မယ့် ပြစ်ဒဏ်များ ချမှတ်ရမှာဖြစ်သလို ပေါ်လွင်ထင်ရှားမှုရှိအောင် ပြဋ္ဌာန်းရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်ကို ပယ်ဖျက်ထားတဲ့အတွက် မုဒိမ်းမှုနှင့်ပတ်သက်သည့် ပြစ်ဒဏ်ချမှတ်ချက်များမှာလည်း ပေါ်လွင်ထင်ရှားမှု မရှိတော့ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ မူလဥပဒေကြမ်း၏ အပိုဒ် ၁၀၄ ကိုပယ်ဖျက်ပြီး အထွေထွေပြဋ္ဌာန်းချက် ဖြစ်တဲ့ အခန်း(၃၀)၊ ပြည်သူ့လွှတ်တော်၏ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၁၄ မှာတော့ မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်ဆိုပြီး ဖြည့်စွက်ထားပါတယ်။ အဆိုပါ ဖြည့်စွက်ပြဋ္ဌာန်းချက်ကို အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြင်ဆင်ချက်အပိုဒ် ၁၁၅ အဖြစ် အတည်ပြုပြင်ဆင်ပြဋ္ဌာန်း

ထားကြောင်း တွေ့ရပါတယ်။ အထက်ပါ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၁၄ ကတော့ ပြစ်ဒဏ်များ ချမှတ်ရာမှာ ရာဇသတ်ကြီးပါ ပြစ်ဒဏ်များအတိုင်း ချမှတ်နိုင်စေရန် ရည်ရွယ်လိုခြင်း ဖြစ်ပါတယ်။ ရာဇသတ်ကြီးကို ပြင်ဆင်တဲ့အခါမှာ ပြစ်ဒဏ်များလည်း သတ်မှတ်ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀၄ ကတော့ ရာဇသတ်ကြီးအရ မည်သို့ပင် ပြဋ္ဌာန်းထားသော်လည်း မုဒိမ်းမှုကျူးလွန်သူများကို ဤဥပဒေပြဋ္ဌာန်းချက်မှာ ဖော်ပြထားသော ပြစ်ဒဏ်များအတိုင်းသာ အရေးယူအပြစ်ပေးရန် ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ဆွေးနွေးတင်ပြလိုတာကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပိုဒ် ၁၂၀ ပါ ပြဋ္ဌာန်းချက်နှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက်လည်းကောင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို ပေါ်လွင်ထင်ရှားစေရန်အတွက်လည်းကောင်း၊ အခန်း(၂၇)ပါ ပြစ်မှုနှင့် ပြစ်ဒဏ်ဖော်ပြချက်များကို ပိုမိုလေးနက်စေရန်အတွက်လည်းကောင်း ရည်ရွယ်တဲ့အတွက်ကြောင့် မူလဥပဒေကြမ်းပါအတိုင်း (က) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀၄ ၏ မည်သူမဆို ကလေးသူငယ်ကိုဖြစ်စေ၊ မသန်စွမ်းကလေးသူငယ်ကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်အနှစ်(၂၀)မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက်ကို ပြန်လည်ထည့်သွင်းဖော်ပြရန်နဲ့ (ခ) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အပိုဒ် ၁၁၅ အဖြစ် ပြင်ဆင်ထားပြီး ပြည်သူ့လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၄ ကို ပယ်ဖျက်ရန် ဆွေးနွေးတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းဘိုဘိုထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဗိုလ်မှူးသိန်းဘိုဘိုထွေး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းဘိုဘိုထွေး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

မူလအဆိုပြု ပြဋ္ဌာန်းထားသည့် ပုဒ်မ ၁၁၅ တွင် ဤဥပဒေ မပြဋ္ဌာန်းမီ တည်ဆဲဥပဒေများကို မည်သို့ပင်ရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူ ဆောင်ရွက်ရမည်ဆိုသည့်အချက်အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိဘဲ ပုဒ်မ ၁၁၉ အဖြစ် အတည်ပြုထားသည်ကို တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း အထက်တင်ပြပါ ပုဒ်မ ၁၁၉ အား ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေအရသာလျှင် အရေးယူဆောင်ရွက်ရမည်ဟု ပြင်ဆင်ချက်ပုဒ်မ ၁၂၀ အဖြစ် ပြင်ဆင်ထားသည်ကို တွေ့ရှိရပါတယ်။ ဥပဒေတစ်ရပ်၏ အမည်သည် ဥပဒေ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေတစ်ရပ်သည် အမြဲအသက်ရှင်နေပြီး

ရှင်သန်နေသောအရာ ဖြစ်သည့်အတွက် အများပြည်သူတို့ လိုက်နာနိုင်မည့် ဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်မှာလည်း ဖြစ်ပါတယ်။

ဥပဒေကြမ်းရေးဆွဲရာတွင် သတ်မှတ်ထားသော အခြေခံမူ သဘောတရားများဖြစ်ပြီး အများပြည်သူ အလွယ်တကူ နားလည်သဘောပေါက်နိုင်စေသည့် စကားလုံးများဖြင့် ရေးသားရခြင်း၊ ရှင်းလင်းပြတ်သားရခြင်း၊ ဥပဒေကြမ်းတွင် အသုံးပြုသော ဝေါဟာရစကားရပ်များသည် ရှေ့နောက် ညီညွတ်ရခြင်း စသည့် လိုက်နာသင့်သော ယေဘုယျ အခြေခံသဘောတရားများကို မူတည်၍ ရေးထုံး ရေးနည်းများနှင့်အညီ အဆိုပြုပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက် ဥပဒေကြမ်း၏ အခန်း (၃၀) အထွေထွေအခန်းတွင် ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ချက်ပုဒ်မ ၁၁၄ အဖြစ် မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီး အရ အရေးယူအပြစ်ပေးရမည်ဟု အတည်ပြုထားသည်ကို တွေ့ရှိရပါတယ်။

ယင်းအတည်ပြုချက်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြင်ဆင်ချက် ပုဒ်မ ၁၁၅ ဖြင့် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၁၄ သည် အဆိုပြု ပြဋ္ဌာန်းချက် အခန်း(၂၇)ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းတွင် ပြဋ္ဌာန်းထားသော ပုဒ်မ ၁၀၄ ကို ပယ်ဖျက်၍ အသစ်ဖြည့်စွက်ချက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

ယင်းအသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၁၄ မှာ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အထူးဖော်ပြသည့် အခန်း(၂၇)တွင် ထည့်သွင်းရမည်ဖြစ်သော်လည်း အခန်း(၃၀) အထွေထွေအခန်းတွင် ထည့်သွင်း ပြဋ္ဌာန်းထားသောကြောင့် ရှေ့နောက်ညီညွတ်ရခြင်းဆိုသည့် သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၁၂၀ ပြဋ္ဌာန်းချက်နှင့် ရှေ့နောက်ညီညွတ်မှု ဖြစ်စေရန်အတွက် မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်သည့် ပုဒ်မ ၁၀၄ ပါ မည်သူမဆို ကလေးသူငယ်ကိုဖြစ်စေ၊ မသန်စွမ်းကလေးသူငယ်ကိုဖြစ်စေ၊ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် နှစ်(၂၀)မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်းမပြုဘဲ မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်သော ဥပဒေကြမ်း၏ အခန်း(၂၇) ပြစ်မှုနှင့် ပြစ်ဒဏ် အခန်းတွင် ဆက်လက်ထည့်သွင်းဖော်ပြရန်နှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၁၁၅၊ ပြည်သူ့လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၁၄ ပါ မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အပြစ်ပေး အရေးယူရမည်ဆိုသည့် ပြင်ဆင်ချက်သည် မလိုအပ်တော့သဖြင့် ယင်းအတည်ပြုချက်ကို ပယ်ဖျက် သင့်ကြောင်း တွေ့ရှိရပါတယ်။

ဥပဒေကြမ်းတွင် ကလေးသူငယ်များ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ အပြည့်အဝ ခံစား နိုင်ရေးနှင့် ကာကွယ်စောင့်ရှောက်မှု တန်းတူညီမျှမှုရရှိစေရန်အတွက် ရည်ရွယ်ချက်များ ချမှတ်ထားသည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် ဤဥပဒေကြီးမှာ အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝ ရရှိခံစားနိုင်စေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးသွားရမည်ပဲ ဖြစ်ပါတယ်။ ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ် ဆုံးရှုံး

နစ်နာခြင်းနှင့် စပ်လျဉ်း၍ နစ်နာသူ ကလေးသူငယ်ကိုယ်တိုင်ဖြစ်စေ၊ ကလေးသူငယ်၏ ကိုယ်စား မိဘအုပ်ထိန်းသူကဖြစ်စေ၊ နီးစပ်ရာပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ သက်ဆိုင်ရာဒေသ ကော်မတီသို့ လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးသို့ တင်ပြတိုင်တန်းနိုင်မှု ရှိကြောင်းလည်း ဤဥပဒေကြမ်းမှာ ပြဋ္ဌာန်းထားရှိပါတယ်။ ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို မလိုက်နာဘဲ ချိုးဖောက်တာဖြစ်ဖြစ်၊ လိုက်နာရန် ပျက်ကွက်တာဖြစ်ဖြစ် ထင်ရှားခဲ့လျှင် ပြစ်မှုကျူးလွန်သူလို့ မှတ်ယူရမှာဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ တရားစီရင်မှသာလျှင် သြဇာရှိသူ၊ မရှိသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ အယုတ်အလတ်၊ အမြတ်မရွေး တူညီမျှတသောဘဝကို ရရှိကြမှာဖြစ်ပါတယ်။

ဒါကြောင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းသည် ကလေးသူငယ်များအပေါ် ပြစ်မှုကျူးလွန်ခြင်းကြောင့် နစ်နာသူကလေးသူငယ်နှင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေး သူငယ်များကို ကလေးသူငယ်များ၏ အခွင့်အရေးနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသည့် အထူး ဥပဒေ Special Law ဖြစ်တာကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၁၂၀ ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်သူ မည်သူမဆို ဤဥပဒေနှင့် အရေးယူမှသာလျှင် ဆီလျော် ညီညွတ်မှုရှိမှာ ဖြစ်သည့်အတွက်ကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အတိုင်း ထားရှိသင့်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၁၄ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၁၁၅ အား ပယ်ဖျက်ပြီး မူလအဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ ၁၀၄ အား ရှေ့နောက်ညီညွတ်မှု ရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားတဲ့အတိုင်း မပယ်ဖျက်ဘဲ မူလဥပဒေကြမ်း၏ အခန်း(၂၇) ပြစ်မှုနှင့်ပြစ်ဒဏ်များ အခန်းတွင် ထည့်သွင်းဖော်ပြမှသာလျှင် အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၁၂၀ နှင့် ရှေ့နောက် ဆီလျော်ညီညွတ်ပြီး အဓိပ္ပာယ်ပိုမို တိကျလေးနက်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးဟန် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဗိုလ်မှူးမိုးဟန် (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးဟန် ဖြစ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းမှ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ပုဒ်မ ၂၃ ကို ပယ်ဖျက်ရန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ပုဒ်မ ၂၃ ရဲ့ အဓိပ္ပာယ်ကတော့ လက်ထပ်ထိမ်းမြားနိုင်တဲ့ အခြေအနေ တစ်ခုကို သတ်မှတ်ပေးထားတာ တွေ့ရှိရပါတယ်။

ယခုဥပဒေရဲ့ ရည်ရွယ်ချက် ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)မှာ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရ ပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်း ရရှိရေး အပါအဝင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရန်ဆိုတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်က ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ကာလမှာ အရွယ်မရောက်သေးမီ လက်ထပ်ထိမ်းမြားခြင်းက မဖြစ်သင့်ကြောင်း ဆွေးနွေးလိုပါတယ်။ UNFPA ရဲ့ ၂၀၁၂ ခုနှစ် MARRYING TOO YOUNG END CHILD MARRIAGE အစီရင်ခံစာအရ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်(၁၈)နှစ်အရွယ် မိန်းကလေး (၃)ယောက်လျှင် (၁)ယောက်နှုန်း အသက်(၁၅)နှစ် အရွယ်မိန်းကလေး (၉)ယောက်လျှင် (၁)ယောက်နှုန်း အိမ်ထောင်ပြုလေ့ရှိကြောင်း ထိုကဲ့သို့ဖြစ်ရခြင်းမှာ ၎င်းတို့ရဲ့ ဆင်းရဲခြင်း၊ ပညာရည်နည်းပါးခြင်း ကျေးလက်ဒေသများမှာ နေထိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း အသက်(၁၈)နှစ်အောက် အိမ်ထောင်ပြုနှုန်းမှာ နေ့စဉ်(၃၉၀၀၀)ခန့် ရှိကြောင်းဖော်ပြပါရှိပါတယ်။

UNFPA အနေနဲ့ အစိုးရများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးရှုထောင့်များမှ ပညာပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် အရွယ်မရောက်ခင် အိမ်ထောင်ပြုနှုန်း လျော့ကျစေရန် ကြိုးပမ်းလျက်ရှိရာ ရလဒ်အနေဖြင့် Ethiopia နိုင်ငံနှင့် Nepal နိုင်ငံတို့တွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စစ်တမ်းအရ (၂၀)ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း Bolivia နိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ စစ်တမ်းအရ (၁၀)ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း နိုင်ငံတော်တော်များများတွင် (၁၀)ရာခိုင်နှုန်းအထိ လျော့ကျနေကြောင်း ပညာရေးအဆင့်အတန်းနိမ့်ပါးမှုမှာ အရေးကြီးဆုံးအချက်ဖြစ်ကြောင်း ဖော်ပြထားတာ လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေရဲ့ (၁၀.၅)ရာခိုင်နှုန်းဖြစ်တဲ့ (၅)သန်းဝန်းကျင်က ကျောင်းနေအရွယ်မှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေဖူးသူများ၊ စာမတတ်သူများ ဖြစ်နေကြတာ တွေ့ရှိရပါတယ်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက်ရောက်ပညာသင်ယူခဲ့သော ကျောင်းသားအင်အားစာရင်း၌ မူလတန်းအဆင့်ကျောင်းသားများ အလယ်တန်းအဆင့်သို့ တက်ရောက်နိုင်မှုမှာ (၄၄)ရာခိုင်နှုန်း အထက်တန်းအဆင့်သို့ တက်ရောက်နိုင်မှုမှာ (၁၃)ရာခိုင်နှုန်းသာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယနေ့ခေတ်လို အရှိန်အဟုန်မြင့်မားစွာ နည်းပညာ မြင့်မားတိုးတက်နေတဲ့ ခေတ်မှာ စာမတတ်သူများအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ထို့ပြင် အရွယ်မတိုင်ခင် အိမ်ထောင်ပြုလိုက်ပါက ပညာဆက်လက်သင်ကြားနိုင်ဖို့ မလွယ်ကူတော့ဘဲ အိမ်ထောင်တာဝန်များကိုသာ ဦးစားပေး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားခဲ့တဲ့ အကျိုးဆက်အနေနဲ့ အသိအမြင်နည်းပါးလာပြီး တွေးခေါ်နိုင်စွမ်း နိမ့်ကျလာကာ အိမ်ထောင်ပြုလိုမှုများ၊ အိမ်ထောင်ရေး ဖောက်ပြန်မှုများ၊ အိမ်ထောင်ပြိုကွဲမှုများ ပိုမိုဖြစ်ပွားနိုင်ကြောင်း သုတေသန စာတမ်းများအရ လေ့လာတွေ့ရှိရပါတယ်။ အိမ်ထောင်ရေး တည်မြဲတဲ့သူများလည်း ရှိနိုင်ပါတယ်။

ဒါပေမဲ့ တွေ့ကြုံရတဲ့ အခက်အခဲကတော့ ပညာမတတ်လို့ အလုပ်အကိုင် ရှာရခက်မယ်၊ များသောအားဖြင့် ဆင်းရဲမယ်၊ မွေးလာတဲ့ကလေးများကို မှန်ကန်စွာ စောင့်ရှောက်နိုင်မှု၊ မှန်ကန်စွာ

လမ်းညွှန်နိုင်မှု အားနည်းနိုင်မယ့်အပြင် အကျိုးဆက်အနေနဲ့ သားသမီးများကလည်း ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူချင်စိတ် နည်းပါးနိုင်ကြောင်း ဆွေးနွေးလိုပါတယ်။ ထို့ကြောင့် နိုင်ငံတော်က ကလေးသူငယ်များ ပညာဆုံးခန်းတိုင်အောင် သင်ကြားစေလိုတဲ့ စေတနာနဲ့ အခမဲ့ပညာသင်ကြား ပေးခြင်း၊ စာရေးကိရိယာများနဲ့ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်းတို့အပြင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားရေး၊ ကျောင်းထွက်သူ ပပျောက်ရေး၊ မည်သည့်ခွဲခြားမှုမျှမရှိရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်နေသလို ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေတာ လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရည်မြင့်မားရေးက အရေးကြီးတဲ့အတွက် ပညာရေးကို အဆင့်မြင့်တင်နိုင်ရန်အလို့ငှာ အမျိုးသားပညာရေး မူဝါဒကို ၂၀၁၃ ခုနှစ်မှ စတင်ပြီး KG+ 11 စနစ်ဖြင့် (၁၂)တန်း ပညာရေးထားရှိဖို့နဲ့ သူငယ်တန်းသင်ရိုးသစ်ကိုလည်း အခြေခံမူများ ချမှတ်ဆောင်ရွက်ခဲ့ကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်သို့ ရောက်သောအခါမှာ KG+12 သင်ရိုးနည်းစနစ်ကို လက်တွေ့သင်ကြား နိုင်ခဲ့တာ လေ့လာသိရှိရပါတယ်။

ထိုကဲ့သို့ နိုင်ငံတော်က ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်း ပေါင်းစုံနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ကာလမှာ အရွယ်မတိုင်ခင် အိမ်ထောင်ပြုလိုက်ပါက အဟောသိကံ ဖြစ်သွားမှာ ဖြစ်ပါတယ်။ အချုပ်အားဖြင့် ဆွေးနွေးလိုတာကတော့ အနာဂတ်တိုင်းပြည်၊ လူမျိုး၊ ဒေသကောင်းကျိုးအတွက် ပခုံးပြောင်းတာဝန် ထမ်းရွက်ရမယ့် ကြယ်ပွင့်ကလေးများရဲ့ အခွင့် အရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းမှာဖြစ်တဲ့အတွက်ကြောင့် ကလေးသူငယ်အခွင့်အရေးနဲ့ မသက်ဆိုင်တဲ့ လက်ထပ် ထိမ်းမြားခြင်းဆိုင်ရာ ပုဒ်မ ၂၃ ကို ပယ်ဖျက်ပေးနိုင်ပါရန် ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁:၀၄။**

**ဗိုလ်မှူးကျော်စိုးဦး (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဖြစ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို တင်ပြသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းတွင် အခန်းပေါင်း (၃၀)နဲ့ ပုဒ်မပေါင်း (၁၁၇)ခုပါဝင်တာ တွေ့ရပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းရဲ့ အခန်း(၇) လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင် သည့် ပုဒ်မ ၂၃ ကို ပယ်ဖျက်ရန် လူမှုရေးအမြင်ဖြင့် ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကလေးသူငယ်များကို လေ့လာကြည့်ပါက အသိပညာ မပြည့်ဝသေးခြင်း၊ ဆင်ခြင်တုံတရား မပြည့်ဝသေးခြင်း၊ လောကနီတိတရား မပြည့်ဝသေးခြင်း စသည်တို့ကို တွေ့ရမှာ ဖြစ်ပါတယ်။

အသက်အရွယ် နုနယ်တဲ့ ကလေးသူငယ်ဘဝတွင် အိမ်ထောင်တာဝန်ကို ထမ်းဆောင်ရပါက အခြားသော အသက်အရွယ်တွင် သူငယ်ချင်း ကလေးများကဲ့သို့ လွတ်လပ်စွာ သွားလာမှု၊ လွတ်လပ်စွာ နေထိုင်မှု၊ လွတ်လပ်စွာ ပြောဆိုမှု၊ လွတ်လပ်စွာ တွေးခေါ်မှုများ ဆုံးရှုံးရနိုင်ပြီး လူမှုပတ်ဝန်းကျင် မိဘဆရာသမားများနှင့် အသက်အရွယ်ကြီးသောသူများထံမှ လေ့လာသင်ယူမှုအပိုင်းတွင် အားနည်းမှာ ဖြစ်ပါတယ်။ လေ့လာသင်ယူမှုနည်းချိန်ဖြစ်သည့်အတွက် တတ်မြောက်မှု၊ ကျွမ်းကျင်မှုတို့ဟာလည်း အားနည်းမှာ ဖြစ်ပါတယ်။ ဒါတွေနဲ့ဆက်စပ်ပြီး လူ့ကျင့်ဝတ်၊ လူ့ဂုဏ်သိက္ခာ ၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ လူမှုအကျိုးစီးပွားများပါ အားနည်းမှာ ဖြစ်ပါတယ်။ ကလေးသူငယ်ဘဝမှာပင် မိခင်၊ ဖခင်အဖြစ် ပြောင်းလဲ၍ အိမ်ထောင်တာဝန်ကို မလွဲမရှောင်သာ ထမ်းဆောင်ရပါက ပညာသင်ကြားရေးဘက်တွင် ဆုံးခန်းတိုင်မည် မဟုတ်ပါ။

ဒါကြောင့် လုံလောက်ပြည့်ဝတဲ့ ဗဟုသုတ ရှိမှာမဟုတ်ပါ။ အထွေထွေအားနည်းချက်များ ရှိလာမှာ ဖြစ်ပါတယ်။ ဒါတွေနဲ့ဆက်စပ်ပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ကိစ္စတွေ ရာဇဝတ်မှုများ ကျူးလွန်ရာတွင် ပါဝင်ခြင်း၊ လူကုန်ကူးမှု ကိစ္စများနှင့် ဆက်နွှယ်ပတ်သက်ခြင်း၊ မူးယစ်ဆေးဝါး၏ သားကောင်ဘဝသို့ ကျရောက်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း အစရှိတဲ့ ရာဇဝတ်မှုများမှာ ပါဝင်ပတ်သက်လာနိုင်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါတယ်။ လူမှုပတ်ဝန်းကျင်နဲ့ သက်ဆိုင်တဲ့ ပရဟိတလုပ်ငန်းများဘက်မှာလည်း စိတ်ဝင်စားမှု လျော့နည်းလာနိုင်ပါတယ်။ လူမှုဆက်ဆံရေးတွင်လည်း ပြည့်စုံမှုမရှိဘဲ တွေးခေါ်မြော်မြင်နိုင်မှု အားနည်းပြီး အဆင်မပြေမှုမျိုးစုံ ခံစားရမှာ ဖြစ်ပါတယ်။ ကလေးသူငယ်များဟာ နိုင်ငံတော်ရဲ့အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုတိုင်းအတွက် အခြေခံအကျဆုံးသော စွမ်းအားတွေဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ တိုးတက်မြင့်မားရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်မှ ဆောင်ရွက်သကဲ့သို့ပင် ကလေးသူငယ်များအနေဖြင့်လည်း အသိပညာ ပြည့်ဝခြင်း၊ အတွေးအခေါ်ကောင်းများရှိခြင်း၊ ထိုးထွင်းကြံဆမှုရှိခြင်း၊ တီထွင်လုပ်ကိုင် ဆောင်ရွက် တတ်ခြင်း အစရှိသည်တို့ ပြည့်စုံနေမှသာ နိုင်ငံတော်ရဲ့အနာဂတ်ဟာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိခင် ဖခင်များသည် တွေးခေါ်မြော်မြင်မှုမြင့်မားရန် လိုအပ်ပြီး သားသမီးများ၏ အနာဂတ် ကိစ္စအဝဝကို စီမံခန့်ခွဲနိုင်လောက်သည့် အသိပညာနှင့် ရင့်ကျက်သူများဖြစ်ရန် အရေးကြီးပါတယ်။ စံချိန်ပြည့်မီသည့် မိဘများကသာ သားသမီးများ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော် အတွက် စံချိန်မီသည့် နိုင်ငံ့သားကောင်းများ ရရှိလာမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ပါက နိုင်ငံတော်အတွက် စံချိန်ပြည့်မီသည့် နိုင်ငံ့သားကောင်းများ ဆုံးရှုံးရမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်သွားစေနိုင်ပါတယ်။

လူမှုရေးကျင့်ဝတ်သိက္ခာ ဆိုသည်မှာ ဆင်ခြင်တုံတရားမှ ဆင်းသက်လာသည့် လူမှုပေါင်းသင်းဆက်ဆံမှု ဖြစ်ပါတယ်။ ဆင်ခြင်တုံတရားမှာ ပါဝင်သည်ကတော့ သွားသင့်၊ စားသင့်၊ နေသင့်၊ ထိုင်သင့်၊ ပေါင်းသင့်၊ ပြောသင့်ခြင်းတို့ဖြစ်ကြောင်း မှတ်သားဖူးပါတယ်။ ပညာရှာချိန်မှာ ပညာရှာရမှာ ဖြစ်ပါတယ်။ ပညာသင်ကြားရမည့် ကလေးသူငယ်အရွယ်တွင် သဘောသဘာဝချင်း မတူညီတဲ့ အိမ်ထောင်တာဝန် ထမ်းဆောင်ရပါက အခက်အခဲများစွာ တွေ့ကြုံရနိုင်ပါတယ်။ ပညာဆက်လက် သင်ကြားခွင့် ဆုံးရှုံးပြီး ပညာရေးဟာ ရပ်သွားမှာ ဖြစ်ပါတယ်။ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေနည်းသည့် ရရာအလုပ်ကို

ဝင်ရောက်လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ဝင်ငွေကတော့ နည်းပေမယ့် မိသားစုကတော့ မလွဲမသွေ ကြီးထွားလာမှာ ဖြစ်ပါတယ်။ ဝင်ငွေနှင့် မိသားစုစရိတ် မလုံလောက်သည့်အတွက် အိမ်တွင်း ပဋိပက္ခတွေလည်း မလွဲမသွေ ရှိလာမှာဖြစ်ပါတယ်။ စားဝတ်နေရေးက ပြည့်စုံမှုမရှိ အိမ်တွင်းပဋိပက္ခတွေက ဖြစ်ပေါ် လူမှုပေါင်းသင်းဆက်ဆံရေးမှာလည်း အဆင်မပြေမှုများ ဖြစ်လာနိုင်ပြီး စိတ်ဒဏ်ရာများ ရရှိနိုင်ခြင်း၊ အိမ်ထောင်ပြိုကွဲ ပျက်စီးနိုင်ခြင်း၊ မိမိကိုယ်ကို အဆုံးစီရင်နိုင်ခြင်းများ ဖြစ်လာနိုင်ပါတယ်။ ဆင်ခြင်တုံတရားမရှိခြင်း၊ ဘဝအတွေ့အကြုံနည်းခြင်း၊ ရင့်ကျက်တည်ငြိမ်မှုအားနည်းခြင်း၊ ပစ္စည်း ဥစ္စာ ပြည့်စုံမှုမရှိခြင်း မိသားစုဝင်ငွေနည်းပါးခြင်း စတဲ့အချက်တွေကြောင့် အိမ်ထောင်တာဝန်တစ်ခုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်မှာလည်း ခက်ခဲမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းဟာ အရေးကြီးတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန် လိုအပ်ပါတယ်။ ယခု ဆွေးနွေးနေတဲ့ ဥပဒေကြမ်းသည် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ဖြစ်ပါတယ်။ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ ကျန်းမာရေး အစရှိတဲ့ ကလေးသူငယ်အခွင့်အရေးများနှင့်သက်ဆိုင်တဲ့ ကိစ္စရပ် များကိုသာ ရေးဆွဲပြဋ္ဌာန်းရန် သင့်ပါတယ်။ လက်ထပ်ထိမ်းမြားခြင်းကိစ္စသည် အရွယ်ရောက်ပြီးသူများရဲ့ ကိစ္စဖြစ်တာနှင့်အညီ လက်ထပ်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများကိုလည်း ပြဋ္ဌာန်း ထားပြီးဖြစ်တာကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၏ အခန်း(၇) လက်ထပ် ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် ပုဒ်မ ၂၃ ကို ပယ်ဖျက်လိုကြောင်း လေးလေးနက်နက် ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အဋ္ဌမနေ့ အစည်းအဝေး ၄-၂-၂၀၁၉(တနင်္လာနေ့)တွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပ မည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]